ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )**

**[တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၂)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၅၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၅-၂-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျန်းမာရေး။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ မြိတ်မြို့သို့ကွင်းဆင်းစိစစ်ရေးသွားရောက်ရန်။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ချစ်ဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်ပခရီးစဥ်။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ရခိုင်ပြည်နယ်ကိစ္စနှင့် စပ်လျဉ်းသည့် အစည်းအဝေးတက်ရောက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးနှင့် ဦးဘော်ရယ်စိုးဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၀)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းစက်မှုဇုန်သည် ပထမအကြိမ် လွှတ်တော်သက်တမ်းကာလကပင် စတင်ခဲ့ရာ ယနေ့အချိန်ထိဆိုလျှင် (၆)နှစ်ခန့်မျှ ကြာမြင့်ပြီးဖြစ်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေများနှင့် နောက်နှစ်မည်မျှကြာကြာ လုပ်ဆောင်ရမည့် အခြေအနေများကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းစက်မှုဇုန်သည် ပထမအကြိမ် လွှတ်တော်သက်တမ်းကာလကပင် စတင်ခဲ့ရာ ယနေ့အချိန်ထိဆိုလျှင် (၆)နှစ်ခန့်မျှ ကြာမြင့်ပြီးဖြစ်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေး

နိုင်မှု အခြေအနေ၊ ပြီးစီးမှုအခြေအနေများနှင့် နောက်နှစ်မည်မျှကြာကြာ လုပ်ဆောင်ရမည့် အခြေအနေများကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော် မေးထားတဲ့ မေးခွန်းနှင့်ပတ်သက်လို့ ရှင်းလင်းတင်ပြ ဆွေးနွေးပေးပါမယ်။ ၂၀၁၁ ခုနှစ်မှာ ရခိုင်နိုင်ငံရေးပါတီခေါင်းဆောင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေက ရခိုင်ပြည်နယ်အတွက် စက်မှုဇုန်များထူထောင်ပေးရန် တရားဝင်တောင်းဆိုခဲ့ကြပါတယ်။ ဒီလိုတောင်းဆိုရခြင်းမှာလည်း ရခိုင်ဒေသမှ စက်ရုံ၊ အလုပ်ရုံမရှိ၊ လယ်ယာလုပ်ငန်းခွင်ဆိုရင်လည်း တပ်သိမ်းလယ်မြေများ၊ ဌာနဆိုင်ရာ သိမ်းဆည်းခံလယ်မြေများ၊ အစိုးရတာဝန်ကျေ တင်းစပါးသွင်းရခြင်းများနှင့် အထွေထွေဆင်းရဲမှုများကြောင့် အလုပ်လက်မဲ့လူငယ်များ များပြားလာခြင်းတို့ကြောင့် ဖြစ်ပါတယ်။ အဲဒီ အလုပ်လက်မဲ့ လူငယ်လူရွယ်များဟာ မြန်မာပြည်မ အနှံ့အပြားမှာ ဒါမှမဟုတ် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းပြီးတော့ လုပ်သားအဖြစ်သွားရောက်လုပ်ကိုင်နေရခြင်းတို့ကြောင့်လည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရမှ လက်ခံခဲ့ပြီး ပထမအကြိမ်လွှတ်တော်သက်တမ်းမှာပင် ပုဏ္ဏားကျွန်းစက်မှုဇုန်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ စီမံခန့်ခွဲမှုတို့ဖြင့် အကောင်အထည်ဖော်ရန် ပြည်ထောင်စုအစိုးရမှ ညွှန်ကြားသတ်မှတ်ခဲ့ပါတယ်။ ဒီလိုနဲ့ပဲ ပုဏ္ဏားကျွန်းစက်မှုဇုန်ဟာ ပြည်နယ်အစိုးရလက်အောက်သို့ ရောက်ရှိလာခဲ့တယ်လို့ သိရပါတယ်။ ပြည်နယ်အစိုးရက ကုမ္ပဏီတွေနဲ့ MOU လက်မှတ်ရေးထိုးပြီး ဆောင်ရွက်ရာမှာ လျော်ကြေးဆိုင်ရာအတွက် ခိုင်လုံမှုမရှိ၊ စာရွက်စာတမ်းဆိုင်ရာမခိုင်လုံမှုဆိုတဲ့ ကိစ္စရပ်များနေပါတယ်။ ကြိုးနီစနစ်များလွန်းခြင်း၊ Plan မျိုးစုံကို ဆက်တိုက်တောင်းခံနေခြင်း စတဲ့အချက်တွေဟာ ကုမ္ပဏီဘက်မှ ယူဆချက်တွေလို့ သိရပါတယ်။ အစိုးရဘက်မှလည်း ကုမ္ပဏီက လုပ်ငန်းအကောင်အထည်ဖော်မှု အားနည်းတယ်လို့ ယူဆကြောင်းတို့ကိုသိရှိရပါတယ်။

ဒါဆိုရင် စက်မှုဇုန်တစ်ခုကို အကောင်အထည်ဖော်ရာမှာ ကုမ္ပဏီဘက်မှ အားနည်းချက်၊ အားသာချက်နှင့် ပြည်နယ်အစိုးရ၏ အားနည်းချက်၊ အားသာချက်တို့ကို ပြည်ထောင်စုအစိုးရမှ လေ့လာဆန်းစစ်ပြီး ကြားဝင်စေ့စပ်ဖြေရှင်း ကူညီဆောင်ရွက်ပေးဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒီအတိုင်းပေးထားလို့တော့ ရမှာမဟုတ်ပါဘူး။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်နယ်အစိုးရရဲ့ လွဲနေတဲ့ ဘဏ္ဍာငွေနှင့် ခွဲဝေချပေးမှု အားနည်းချက်တွေကို ဖြည့်ဆည်းပေးမှုတို့နှင့် ပံ့ပိုးပေးရမှာ ဖြစ်ပါတယ်။ ဒါမှသာ ကြန့်ကြာနှောင့်နှေးမှုများ လျော့နည်းလာမည် ဖြစ်ပါတယ်။ ဒါမှမဟုတ်ပါက ခေတ်အဆက်ဆက်မှာ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းလို အမည်ခံစီမံကိန်းအဖြစ်နဲ့သာ ရှိနေပါလိမ့်မယ်။

သို့ဖြစ်ပါ၍ ပထမအကြိမ် လွှတ်တော်သက်တမ်းကပင် စတင်ခဲ့တဲ့ ပုဏ္ဏားကျွန်း စက်မှုဇုန်သည် (၆)နှစ်ခန့်မျှ ကြာမြင့်ပြီးဖြစ်သော်လည်း လုပ်ငန်းဖော်ဆောင်မှု အခြေအနေ၊ ပြီးစီးမှု အခြေအနေများ နောက်နှောင်မည်မျှကြာကြာ လုပ်ဆောင်ရမည့် အခြေအနေများကို သိရှိလိုကြောင်း ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနှင့် ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ် ခင်ဗျား။ ယခုအစည်းအဝေးမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ၏ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းစက်မှုဇုန်သည် ပထမအကြိမ်လွှတ်တော်သက်တမ်းကာလကပင် စတင်ခဲ့ရာ ယနေ့အချိန်ထိ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ ပြီးစီးမှုအခြေအနေများနှင့် နောက်နှစ်မည်မျှကြာကြာ လုပ်ဆောင်ရမည့် အခြေအနေများကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စက်မှုဝန်ကြီးဌာနက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် စက်မှုဇုန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ပုဏ္ဏားကျွန်းမြို့၊ ကင်းချောင်းရွာတောင်ဘက်၊ ရန်ကုန်-စစ်တွေကားလမ်း၏ အရှေ့ဘက်ခြမ်းတွင် စုစုပေါင်း မြေဧရိယာ(၁၉၆၃.၇၄)ဧကခန့် လျာထားသတ်မှတ်ထားခဲ့ပါတယ်။ ယခင်အစိုးရလက်ထက်တွင် ပုဏ္ဏားကျွန်းစက်မှုဇုန်ကို စက်မှုဇုန်အမှတ်(၂၂)အဖြစ် သတ်မှတ်ခွင့်ပြုထားခဲ့ပြီး စက်မှုဇုန်ဖော်ထုတ်ရန်အတွက် ၂၀၁၅ ခုနှစ်က တင်ဒါခေါ်ယူခဲ့ရာမှာ Supreme Development Co., Ltd နှင့် Myanmar Kyauk Phyu Special Economic Zone Holding Public Co., Ltd. တို့မှ အဆိုပြုလွှာတင်သွင်းခဲ့ကြပါတယ်။ တင်သွင်းခဲ့သော အဆိုပြုလွှာများကို စိစစ်ပြီး Myanmar Kyauk Phyu Special Economic Zone Holding Public Co., Ltd. ကို ၂၄-၈-၂၀၁၅ ရက်နေ့မှာ ရွေးချယ်ခဲ့တယ်။ အဆိုပါ ကုမ္ပဏီများနှင့် နားလည်မှု စာချွန်လွှာ MOU ကို ၁၆-၉-၂၀၁၅ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပြီး (၄)လ တစ်ကြိမ်သက်တမ်းတိုးခဲ့ရာမှာ ၁၀-၆-၂၀၁၆ ရက်နေ့ထိ (၃)ကြိမ်မြောက်အထိ သက်တမ်းတိုးပေးခဲ့ပြီး ဖြစ်ပါတယ်။ တတိယအကြိမ်သက်တမ်းတိုးခဲ့ပြီးနောက် (၄)လအကြာမှာ စတုတ္ထအကြိမ်အဖြစ် ကုမ္ပဏီမှ MOU ဆက်လက်၍ ရေးထိုးရန် ပျက်ကွက်ခဲ့ပါ၍ ၁၂-၄-၂၀၁၇ ရက်နေ့မှာ စာချုပ်ဆက်လက်ချုပ်ဆိုခြင်းကို ရပ်ဆိုင်းခဲ့ရပါတယ်။

အဆိုပါကုမ္ပဏီအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ရန် ကြန့်ကြာနေခဲ့ရခြင်းမှာ စက်မှုဇုန်အနေအထားသည် ဧရိယာကျယ်ဝန်းပြီး ရင်းနှီးမြှုပ်နှံရမည့် ငွေပမာဏများပြားခြင်း၊ စက်မှုဇုန်နှင့်ဆက်စပ်မည့် ရခိုင်ပြည်နယ်၏ အခြေခံအဆောက်အဦများ အားနည်းနေသေးခြင်း၊ နိုင်ငံတကာမှ စိတ်ဝင်စားမှုနည်းပါးခဲ့ခြင်း ဈေးကွက်စီးပွားရေးစနစ်အရ အလားအလာကောင်းများ ရရှိနိုင်မှသာ ရင်းနှီးမြှုပ်နှံလိုခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရှိရပါတယ်။

ပုဏ္ဏားကျွန်းစက်မှုဇုန်အတွက် လျာထားမြေဧရိယာမှာ (၁၉၆၃.၇၄)ဧက ဖြစ်ပါတယ်။ စက်မှုဇုန် လျာထားမြေတွင် အကျုံးဝင်သော လယ်ယာမြေများအတွက် မြေယာလျော်ကြေးအဖြစ် (၁)ဧကလျှင် ငွေကျပ်(၂၅)သိန်းနှုန်းဖြင့်လည်းကောင်း၊ အခြားမြေတစ်ဧကလျှင် ငွေကျပ်(၁၀)သိန်းနှုန်းဖြင့်လည်းကောင်း စုစုပေါင်းမြေ (၁၅၆၉.၉၂)ဧကအတွက် မြေယာလျော်ကြေးများ ပေးသွင်းခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်၍ ကျန်ရှိနေသေးသောမြေ (၃၉၃.၈၂)ဧကအတွက်လည်း မြေယာလျော်ကြေးပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ပုဏ္ဏားကျွန်းစက်မှုဇုန်တွင် အစ္စရေးနိုင်ငံ Exo World Group Co. မှ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်း၊ အေးခဲသိုလှောင်ရုံ (Cold Storage)၊ ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းနှင့် အစာစပ်လုပ်ငန်း၊ စက်ယန္တရားများ၊ ငါးဖမ်းရေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးရေယာဉ်များမှာ အသုံးပြုမည့်လောင်စာနှင့် စက်သုံးဆီသိုလှောင်ရုံများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေ(၅၀)ဧကကို ငှားရမ်းရေးကိစ္စအတွက် ၂၈ - ၇ - ၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၃/၂၀၁၇)ရက်နေ့မှာ ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါမြေ (၅၀)ဧကအား ကွင်းဆင်းတိုင်းတာ၍ နယ်နိမိတ်သတ်မှတ်ဆောင်ရွက်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပြည်နယ်အစိုးရ အဖွဲ့၏ ဆုံးဖြတ်ချက်ကို Exo World Group Co. အနေဖြင့် ၎င်းတို့၏ တင်ပြပါလုပ်ငန်းများ ကြိုတင် ဆောင်ရွက်ရန်ခွင့်ပြုကြောင်းနှင့် သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ ၂၄ - ၁ - ၂၀၁၈ ရက်နေ့မှာ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

စက်မှုဇုန်ဧရိယာအများစုမှာ လယ်ယာမြေများဖြစ်သဖြင့် လယ်ယာမြေကို အခြားနည်းလမ်း အသုံးပြုခွင့်လျှောက်ထားခြင်း၊ စက်မှုဇုန်အတွင်း လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဓာတ်အားခွဲရုံ တည်ဆောက်ရန် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စက်မှုဇုန်သို့ ရေရရှိရေးအတွက် ရေပိုက်လိုင်းအူကြောင်း ရှာဖွေခြင်း စသည့် လုပ်ငန်းများအတွက် ကုန်ကျစရိတ်တွက်ချက်ခြင်းများကို ဆောင်ရွက်လျက်ရှိ နေပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် Myanmar Kyauk Phyu Special Economic Zone Holding Public Co., Ltd. ကို ယခင်အစိုးရလက်ထက်က လက်မှတ်ရေးထိုးထားခဲ့သည့် MOU ပျက်ပြယ်သွားခဲ့သော်လည်း အစိုးရသစ်လက်ထက်တွင် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်နှင့် ပြည်တွင်း/ပြည်ပကုမ္ပဏီများက ရင်းနှီးမြှုပ်နှံလာနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။ စက်မှုဇုန်ကို စနစ်တကျ ဖော်ထုတ်နိုင်ရန် မြေပြင်တွင် အင်ဂျင်နီယာမြေတိုင်းလုပ်ငန်း များဆောင်ရွက်ခြင်း၊ Conceptual Plan ရေးဆွဲခြင်းကို စက်မှုဇုန်ဆိုင်ရာ ကျွမ်းကျင်အင်ဂျင်နီယာ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ (၆)လအတွင်း အဆိုပါလုပ်ငန်းများ ပြီးစီးနိုင်မှာ ဖြစ်ပါတယ်။ အခုအချိန်မှာ စက်မှုဇုန်အတွင်းပိုင်း အခြေခံအဆောက်အဦများဖြစ်သည့် ရေ၊ မီး၊ လမ်း၊ မိလ္လာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများအတွက် ကုန်ကျစရိတ်များ ခန့်မှန်းတွက်ချက် ခြင်းကို ဆောင်ရွက်လျက်ရှိနေပါတယ်။ ထို့အပြင် စက်မှုဇုန်အတွက် ရေပိုက်လိုင်း သွယ်တန်းခြင်း၊ လက်ရှိတပ်ဆင်ပြီး မဟာဓာတ်အားလိုင်းမှ စက်မှုဇုန်တည်ရှိရာနေရာသို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းနှင့် ၎င်းနှင့်စပ်ဆက်လုပ်ငန်းများ စသည့် လုပ်ငန်းများအတွက်လည်း ကုန်ကျစရိတ်များကို တွက်ချက်ခန့်မှန်းရာမှာ ပါဝင်မှာ ဖြစ်ပါတယ်။

အဆိုပါ အခြေခံအဆောက်အဦများအတွက် ကုန်ကျမယ့် ငွေကြေးပမာဏအပေါ် မူတည်ပြီး လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီများကိုပါ ထပ်မံဖိတ်ခေါ်သွားမှာ ဖြစ်ပါတယ်။ စက်မှုဇုန်၏ Conceptual Plan ဧရိယာမှာ အသေးစားနှင့်အလတ်စားစက်ရုံများ၊ အထည်ချုပ်နှင့်အထည်လိပ် လုပ်ငန်းများ၊ မွေးမြူရေးနှင့်ပုစွန်/သားငါး ထုတ်လုပ်ရေးလုပ်ငန်းများ၊ သစ်အချောထည်လုပ်ငန်းများ စသဖြင့်ပါဝင်မှာ ဖြစ်ပါတယ်။ စက်မှုဇုန်၏ အုပ်ချုပ်မှုဆိုင်ရာ မြေဧရိယာတွင်လည်း သင်တန်းကျောင်းများ၊ ဆေးရုံ၊ ဈေး၊ လုပ်သားနှင့်ဝန်ထမ်းနေအိမ်များ၊ စိမ်းလန်းမြေဧရိယာများ စသည်ဖြင့် ဇုန်အလိုက် စနစ်တကျ ထည့်သွင်းရေးဆွဲသွားမှာ ဖြစ်ပါတယ်။

သတ်မှတ်ဇုန်ဧရိယာအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုသည့် စီးပွားရေးကုမ္ပဏီ အဖွဲ့အစည်းများကို ကျယ်ကျယ်ပြန့်ပြန့်ဖိတ်ခေါ်၍ သင့်လျော်သော သတ်မှတ်ဈေး၊ အခွန်တို့ဖြင့် စနစ်တကျနေရာချထားပေးသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုနည်းပါးသောဒေသတွင် ပါဝင်သည့်အတွက် ပုဏ္ဏားကျွန်းစက်မှုဇုန်အတွင်းလာရောက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြမည့် ပြည်တွင်း /ပြည်ပမှ Investor များအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခံစားခွင့်ရရှိမည့် အခွန် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်(Tax Incentive) များကို အခြားဒေသများထက် ပိုမိုခံစားရရှိနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပုဏ္ဏားကျွန်းစက်မှုဇုန်တွင် ပြည်တွင်း/ ပြည်ပ ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအား ဆက်လက် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည် ဖော်ဆောင်ရွက်ရေးကော်မတီမှ လုပ်ငန်းဆောင်ရွက်နေမှုများသည် အထူးခံစားခွင့်များနှင့်အတူ ပိုမို တိုးတက်အောင်မြင်လာသည်နှင့်အမျှ ပုဏ္ဏားကျွန်းစက်မှုဇုန်တွင်လည်း ပြည်တွင်း/ပြည်ပ ကုမ္ပဏီများက လာရောက်၍ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လာကြမည်ဖြစ်ပြီး အမြန်ဆုံး အကောင်အထည်ဖော်လာနိုင်မည် ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ တပ်တောင်မြို့တွင် သန့်ရှင်းသော သောက်သုံးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာ ရရှိရေးအတွက် ခမောင်းချောင်း လျှိုပိတ်ဆည်(တပ်တောင်ဆည်)မှ ရေများကိုပိုက်များဖြင့် စနစ်တကျသွယ်တန်းပေးပြီး တပ်တောင်မြို့အား ရေပေးဝေရေးအတွက် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် သောက်သုံးရေ လုံလောက်စွာ မရရှိသေးသော တခြား မြို့များကိုလည်း သောက်သုံးရေ ဖြန့်ဖြူးနိုင်ရန်အတွက် လျှိုပိတ်ဆည်များ သို့မဟုတ် တခြားသော ရေသိုလှောင်သည့် နည်းစနစ်များဖြင့် ရေပေးဝေရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ တပ်တောင်မြို့တွင် သန့်ရှင်းသော သောက်သုံးရေ တစ်နှစ်ပတ်လုံး

လုံလောက်စွာ ရရှိရေးအတွက် ခမောင်းချောင်း လျှိုပိတ်ဆည်(တပ်တောင်ဆည်)မှ ရေများကို ပိုက်များဖြင့် စနစ်တကျသွယ်တန်းပေးပြီး တပ်တောင်မြို့အား ရေပေးဝေရေးအတွက်လာမည့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် သောက်သုံးရေ လုံလောက်စွာ မရရှိသေးသော တခြားမြို့များကိုလည်း သောက်သုံးရေ ဖြန့်ဖြူးနိုင်ရန်အတွက် လျှိုပိတ်ဆည်များ သို့မဟုတ် တခြားသော ရေသိုလှောင်နည်းစနစ်များဖြင့် ရေပေးဝေရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ ရခိုင်ပြည်နယ်ဟာ ဧရိယာစတုရန်းမိုင်ပေါင်း (၁၄၀၀၀)ကျော်ရှိပါတယ်။ ရခိုင်ပြည်နယ်ဟာ ခရိုင်ပေါင်း(၅)ခု၊ မြို့နယ်(၁၇)ခု၊ မြို့(၉)ခုနှင့် ရပ်ကွက်ပေါင်း(၁၇၀)၊ ကျေးရွာအုပ်စု(၁၀၀၀)ကျော်နှင့် ကျေးရွာပေါင်း(၃၀၀၀)ကျော်တို့နှင့် ဖွဲ့စည်းထားပြီးတော့ လူဦးရေပေါင်း(၃)သန်းကျော် နေထိုင်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ဟာဆိုလို့ရှိရင် နှစ်စဉ်မိုးရေချိန် ပျမ်းမျှ(၂၀၀)လက်မနီးပါး ရွာသွန်းပေမယ့် နွေရာသီမှာဆိုလို့ရှိရင် အချို့နေရာများမှာ ရေရှားပါးမှုပြဿနာကို ကြုံရဆဲဖြစ်ပါတယ်။ အဲဒီထဲကမှ (၁၇)မြို့ အပေါင်း (၉)မြို့ထဲကမှ ကျွန်မရဲ့ မဲဆန္ဒနယ်မှာရှိတဲ့ တပ်တောင်မြို့နှင့် ကျွန်မရဲ့ မဲဆန္ဒနယ်အနီးအနားမှာရှိတဲ့ ကမ်းထောင့်ကြီးမြို့ကို ဥပမာပေးတင်ပြလိုပါတယ်။ အမ်းမြို့နယ်၊ တပ်တောင်မြို့ပါဝင်ပြီးတော့ တပ်တောင်မြို့မှာ အိမ်ခြေ (၁၆၀၀)ကျော်ရှိပါတယ်။ အဲဒီ(၁၆၀၀)ကျော်ထဲကမှ သုံးပုံတစ်ပုံခန့်(၃၀၀)လောက်ပဲ တစ်နှစ်ပတ်လုံး ရေလုံလောက်စွာရရှိပြီးတော့ ကျန်(၁၀၀၀)ကျော်မှာ အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ရဆဲ ဖြစ်ပါတယ်။ နေ့စဉ် ပျှမ်းမျှရေစရိတ် ဆိုလို့ရှိရင် တစ်အိမ်ထောင်ကို (၂၀၀၀)ကျပ်မှ (၃၀၀၀)ကျပ်အထိ ကျခံသုံးစွဲနေရကြောင်း ပြည်သူများနှင့်တွေ့ဆုံပွဲမှာ တပ်တောင်ပြည်သူ/ပြည်သားများက တင်ပြကြပါတယ်။

အလားတူ ကျွန်မရဲ့ မဲဆန္ဒနယ်နှင့် အနီးအနားမှာရှိတဲ့ မြေပုံမြို့နယ်၊ ကမ်းထောင့်ကြီးမြို့သူ/မြို့သားများကလည်း ရေအခက်အခဲ ရှိကြောင်း တင်ပြကြပါတယ်။ ဒီအခက်အခဲနှင့် ပတ်သက်ပြီးတော့ ပြီးခဲ့တဲ့ လွှတ်တော်တုန်းက ကိုယ်စားလှယ်များနှင့်အတူ မြို့နယ်ရေပေးဝေရေးအဖွဲ့ကနေပြီးတော့ အစိုးရအဆက်ဆက်ကို တင်ပြတဲ့အခါမှာတော့ ဆည်တွေလာဆောက်ကြတယ်လို့ ပြောပါတယ်။ ဆည်လာဆောက်တဲ့အခါမှာ ကျွန်မရဲ့ အမ်းမြို့နယ်၊ တပ်တောင်မှာဆိုလို့ရှိရင်တော့ တပ်တောင်ဆည်ကို တည်ဆောက်ပြီးတော့ အမ်းမြို့နယ်အနီး ပတ်ဝန်းကျင်မှာရှိတဲ့ ကမ်းထောင့်ကြီးမြို့ဟာဆိုလို့ရှိရင် တမန်ဒူးဆည်ကို သူတို့ တည်ဆောက်ခဲ့ပါတယ်။ ဒီလိုမျိုး တည်ဆောက်ခဲ့ပေမယ့် ဆည်သာပြီးသွားတယ်။ ဆည်ရဲ့ ရည်ရွယ်ချက်မှာ ပြည်သူလူထုများ ရေပေးဝေရန်လို့ ရေးထားပေမယ့် ယနေ့အထိ ပြည်သူများ ရေလုံလောက်စွာ မရရှိသေးပါဘူး။

အခု ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာနှစ်က စတင်တည်ဆောက်ခဲ့တဲ့ တမန်ဒူးဆည်ဟာဆိုလို့ရှိရင်တော့ ကုန်ကျငွေ ကျပ်သန်း(၂၀၀)နှင့် တည်ဆောက်ထားပြီးတော့ ယနေ့အချိန်အထိ ပြည်သူများ သောက်ရေ၊ သုံးရေ လုံလောက်စွာ မရရှိသေးပါဘူး။ ဒါဘာကိုပြသလဲဆိုလို့ရှိရင် ဆည်စပြီးတော့ တည်ဆောက်တုန်းက ရည်မှန်းချက်က ပြည်သူများရေရရှိရေး၊ ဒါပေမဲ့ တကယ်တမ်းကျလို့ရှိရင် ပြည်သူ

များအခု ၂၀၁၆-၂၀၁၇ အထိ အခု ၂၀၁၈ ကိုရောက်နေပါပြီ။ ပြည်သူများလုံလောက်စွာ ရေမရရှိသေးပါဘူး။ ရေရရှိရေးနှင့် ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ် အခြေအနေကို တင်ပြရမယ်ဆိုလို့ရှိရင်တော့ ကျွန်မတို့ ရခိုင်ပြည်နယ်မှာ သောက်ရေအတွက် အဓိကအသုံးပြုတဲ့ ရေအမျိုးအစားက ရေပိုက်လိုင်း (၅)ရာခိုင်နှုန်းပဲ ရှိပါတယ်။ အဝီစိတွင်းက (၃.၄)ရာခိုင်နှုန်း၊ နောက်တစ်ခုက ရေတွင်းက (၂၈.၆) ရာခိုင်နှုန်း၊ ရေသန့်စက် ရေဘူးက အသုံးပြုမှုက (၀.၈)ရာခိုင်နှုန်းသာ ရှိပါတယ်။ စုစုပေါင်း သောက်ရေသန့်ရရှိမှုက (၃၇.၈)ရာခိုင်နှုန်း ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ ရခိုင်ပြည်နယ်ဟာ ရေသန့်ရရှိဖို့၊ သုံးရေ၊ သောက်ရေရရှိဖို့အတွက် အများကြီးလိုအပ်နေပါတယ်။ အထူးသဖြင့် အဓိကနေပြီးတော့ ရေအမျိုးအစားမှာလည်း ရေကန်က (၄၉.၈) ရာခိုင်နှုန်း အသုံးပြုပြီးတော့ ရေသန့်စက်၊ ရေဗူးအသုံးပြုမှုက (၀.၁)ရာခိုင်နှုန်းထက် လျော့နည်းနေကြောင်း လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့ မဲဆန္ဒနယ် အမ်းမြို့နယ်အပါအဝင် တပ်တောင်မြို့မှာနေထိုင်ကြတဲ့ ပြည်သူ ပြည်သားများ သန့်ရှင်းသောသောက်သုံးရေရရှိဖို့အတွက် တစ်နှစ်ပတ်လုံး ရေလုံလောက်စွာရရှိဖို့ တပ်တောင်မြို့ ခမောင်းချောင်း၊ လျှိုပိတ်ဆည်မှနေပြီးတော့ ရေများကို ပိုက်များဖြင့် စနစ်တကျသွယ်တန်းပေးပြီး တပ်တောင်မြို့အား ရေပေးဝေရန် လာမယ့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာဆောင်ရွက်ဖို့ အစီအစဉ်ရှိ/မရှိနှင့် တပ်တောင်မြို့နည်းတူပဲ ရခိုင်ပြည်နယ်(၁၇)မြို့နယ်၊ နောက်ထပ် မြို့နယ်ခွဲ (၉)ခုမှာ မြို့လို့သာ အမည်ခံထားပေမယ့် မြို့ရဲ့ အင်္ဂါရပ်မှာလိုအပ်တဲ့ ရေရရှိမှု (၂)မြို့နယ်ကို လေ့လာလိုက်တဲ့အခါမှာ သုံးပုံတစ်ပုံပဲ ရေရရှိမှုရှိပါတယ်။ ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ်အတွင်းမှာ ရှိကြတဲ့ တခြားမြို့နယ်များမှာလည်း သောက်ရေ၊ သုံးရေလုံလောက်စွာ မရရှိသေးတဲ့အတွက် သောက်ရေ၊ သုံးရေလုံလောက်စွာ ဖြန့်ဖြူးပေးဖို့ တစ်ဖက်ပိတ်ဆည်များ သို့မဟုတ် တခြား ရေလှောင်သောနည်းစနစ်များဖြင့် ရေပေးဝေရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ်၊ အမှတ်(၁၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ထုမေ ရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်နှင့် တပ်တောင်မြို့နယ်အနီး ခမောင်းချောင်းပေါ်မှာ တည်ဆောက်ထားတဲ့ ခမောင်းချောင်း လျှိုပိတ်ဆည်ဟာ

တပ်တောင်မြို့နယ် သောက်သုံးရေပေးဝေဖို့ ရည်ရွယ်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေ ကျပ်သန်း(၂၀၀)နှင့် ပြည်နယ်အစိုးရအဖွဲ့ရဲ့အစီအမံနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဖြစ်ပါတယ်။ လုပ်ငန်းအကောင်အထည်ဖော်တဲ့အခါမှာ တပ်တောင် မျိုးဆက်သစ် ကုမ္ပဏီကို တင်ဒါခေါ်ယူ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဖြစ်ပါတယ်။ လှိုဏ်ပိတ်ဆည်ဟာ တမံအလျား (၂၅၀)၊ တမံအမြင့် (၂၅)ပေရှိတဲ့ ရေဂါလံ(၅၃)သန်းခန့်ကို သိုလှောင်ထားတဲ့တမံ ဖြစ်ပါတယ်။ (၁၀)လက်မ အချင်း သံပိုက်နှစ်လုံးနှင့် ရေထုတ်ပြွန်ကို ထည့်သွင်းတည်ဆောက်ထားတာ ဖြစ်ပါတယ်။

ဒီနေရာမှာ လုပ်ငန်းနှစ်ပိုင်းရှိပါတယ်။ ရေရရှိရေးအတွက်ဆည်တမံနှင့် လှိုဏ်ပိတ်ဆည်တွေ ကို ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပြီး မြို့ရေပေးရေး အတွက်ကိုတော့ သက်ဆိုင်ရာ မြို့စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက် ရခြင်းပဲ ဖြစ်ပါတယ်။ အဆိုပါခမောင်းချောင်း လှိုဏ်ပိတ်ဆည်ကနေ ရေပိုက်တွေကို စနစ်တကျ သွယ်တန်းပြီးတော့ တပ်တောင်သောက်သုံးရေပေးဝေရေးကိုတော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စီမံဆောင်ရွက်ထားတဲ့အလျောက် ဒီလုပ်ငန်းကို အကောင်အထည်ဖော်ဖို့အတွက် လိုအပ်ရန်ပုံငွေကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၈-၂၀၁၉၊ ဧပြီ၊ စက်တင်ဘာ ဘဏ္ဍာနှစ်ရန်ပုံငွေမှာ ထည့်သွင်း တောင်းခံ ထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ အမ်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ ကနေ လုပ်ငန်းတွေကို ဆက်လက်တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး သောက်သုံးရေလုံလောက်စွာ မရရှိသေးတဲ့ တခြားမြို့များကိုလည်း သောက်သုံးရေ ဖြန့်ဖြူးပေးနိုင်ဖို့အတွက် လှိုဏ်ပိတ်ဆည်ရေသို့မဟုတ် ထူးခြားတဲ့ရေသိုလှောင်သော နည်းစနစ်နဲ့ ရေပေးဝေရန်ကိစ္စနှင့် စပ်လျဉ်းပြီး စီမံဆောင်ရွက်သွားမယ့် အခြေအနေကို ရှင်းလင်း ဖြေကြားပေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ဟာ မိုးရာသီမှာ မိုးရေချိန်များစွာ ရွာသွန်း သော်လည်းပဲ နွေရာသီမှာ သောက်သုံးရေ ရှားပါးခက်ခဲတဲ့ဒေသ ဖြစ်ပါတယ်။ ဆည်မြောင်းနှင့် ရေ အသုံးချရေး စီမံခန့်ခွဲမှုဦးစီးဌာနအနေနှင့် ဒေသတွင်းသောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင် ဖို့ရရှိနိုင်တဲ့ ရေအရင်းအမြစ်တွေပေါ်မှာအခြေခံပြီး စူးစမ်းလေ့လာမှုလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းများဆောင်ရွက်ရာမှာ ဖြစ်မြောက်နိုင်စွမ်းပေါ်မှာ အခြေခံပြီး၊ လုပ်ငန်းလိုအပ်ချက်ဖြစ်တဲ့ ရန်ပုံငွေခွဲဝေရရှိရေးနှင့်အညီ ရေလှောင်တမံသို့မဟုတ် လှိုဏ်ပိတ်ဆည်တွေကို ဦးစားပေးပြီး တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

လက်ရှိအခြေအနေမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ အမ်းမြို့နယ်မှာ သောက်သုံးရေရရှိဖို့အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနကနေ တည်ဆောက် ထိန်းသိမ်းထားတဲ့ ဟင်းရွက်ချောင်း ရေလှောင်တမံနှင့် လှိုဏ်ပိတ်ဆည်(၆)ခု ရှိပါတယ်။ ဒါ့အပြင် ယခု ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာလည်းပဲ ပဒကျော လှိုဏ်ပိတ်ဆည်နှင့် လက်ခွဲတွေ လှိုဏ်ပိတ်ဆည် တို့ကို တည်ဆောက်ပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်တစ်ပြည်နယ်လုံးအတွက် မိမိတို့ ဆည်မြောင်း နှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ရေလှောင်တမံပေါင်းဟာ (၁၅)ခု ရှိပါတယ်။ ၎င်းတို့ဟာ သောက်သုံးရေရရှိရေးအတွက် အဓိကတည်ဆောက်ထားတဲ့ ရေလှောင် တမံများဖြစ်ပါတယ်။

ဒါ့အပြင် ပြည်နယ်တစ်ခုလုံးမှာ ပြည်နယ်အစိုးရရဲ့ ရန်ပုံငွေနှင့် တည်ဆောက်ထားတဲ့ လျှိုပိတ်ဆည်ပေါင်းဟာလည်းပဲ အခု(၅၀) ရှိပါတယ်။ တည်ဆောက်ဆဲ (၁၂)ခု ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာလည်းပဲ နောက်ထပ်လျှိုပိတ်ဆည် (၁၀)ခု တည်ဆောက်နိုင်ဖို့အတွက် ပြည်နယ်အစိုးရအဖွဲ့အနေနှင့် ရန်ပုံငွေတင်ပြတောင်းခံ ထားရှိမှုအခြေအနေ ရှိပါတယ်။ လက်ရှိ တည်ရှိပြီးတဲ့ ဆည်၊ ကန်တွေ ရေပိုမိုသိုလှောင်နိုင်ဖို့အတွက် ပြုပြင်တည်ဆောက်မှုလုပ်ငန်းများဖြင့် မြေပုံမြို့နယ်၊ ကမ်းထောင့်ကြီးမြို့ သောက်သုံးရေရရှိဖို့ တမန်ဒူးရေလှောင်တမံကို ရေပိုမိုသိုလှောင်နိုင်ဖို့ တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကန်တော်ကြီးရေလှောင်ကန် တိုးချဲ့တူးဖော်ရေး လုပ်ငန်းကိုလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် ပြည်နယ်အတွင်း သောက်သုံးရေရရှိဖို့ ဌာနအနေနှင့် ဒေသတွင်းရရှိနိုင်မယ့်ရေအရင်းအမြစ်တွေကို ဖော်ထုတ်ပြီး ရေလှောင်တမံနှင့် လျှိုပိတ်ဆည်များ တည်ဆောက်မှုနှင့်အတူ သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့တွေနှင့် ပေါင်းစပ်ပြီး သောက်သုံးရေပေးဝေနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း သရီချောင်းနယ်မြေဖြစ်သည့် ကျားနင်းကန်၊ လိပ်မ၊ စိန်ခြုံ၊ ကျခပ်ပြင်ကျေးရွာဟောင်း၊ ကျခပ်ပြင်ကျေးရွာသစ်နှင့် စဖိုသားကျေးရွာများသို့ 11.KV လျှပ်စစ်လိုင်းများ သွယ်တန်းပြီး (400)ဗို့အားလိုင်းများဖြင့် ကျေးရွာများ မီးလင်းရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း သရီချောင်းနယ်မြေဖြစ်သည့် ကျားနင်းကန်၊ လိပ်မ၊ စိန်ခြုံ၊ ကျခပ်ပြင်ကျေးရွာဟောင်း၊ ကျခပ်ပြင်ကျေးရွာသစ်နှင့် စဖိုသားကျေးရွာများသို့ 11.KV လျှပ်စစ်လိုင်းများ သွယ်တန်းပြီး (400)ဗို့အား လိုင်းများဖြင့် ကျေးရွာများ မီးလင်းရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလေစွပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ လျှပ်စစ်ဝန်ကြီးဌာနနှင့် ပတ်သက်သည့် မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြ မေးခွန်း အနေနှင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်၊ ကျောက်တော်မြို့နယ်တွင် ကျေးရွာပေါင်း (၂၈၃)ရွာ၊ လူဦးရေ (၂၁၆၉၄၈) ဦးနေထိုင်တဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ကျောက်တော်မြို့နယ်တွင် ၂၀၁၄ ခုနှစ်မှ စတင်ပြီး မဟာဓာတ်အားလိုင်းမှ ၆၆/၁၁ KV၊ 5 MVA ဓာတ်အားခွဲရုံမှ မြို့ပေါ်(၅)ရပ်ကွက်အပါအဝင် ကျေးရွာပေါင်း (၂၄)ရွာကို လျှပ်စစ်မီးသွယ်တန်းပြီး

(၂၄)နာရီ လျှပ်စစ်မီးရရှိပြီးဖြစ်ပါတယ်။ လျှပ်စစ်မီးမရရှိတဲ့ ကျေးရွာပေါင်းများစွာတော့ ကျန်နေပါသေးတယ်။ အခုကျွန်တော်မေးမြန်းတဲ့ ကျောက်တော်မြို့နယ်၊ သရီချောင်းနယ်မြေဖြစ်တဲ့ ကျားနင်းကန် ကျေးရွာ၊ လိပ်မ ကျေးရွာ၊ စိန်ခြုံကျေးရွာ၊ ကျခပ်ပြင်ရွာဟောင်း၊ ကျခပ်ပြင်ရွာသစ်နှင့် စဖိုသားကျေးရွာများကို လျှပ်စစ်မီး သွယ်တန်းမည်ဆိုပါက စဖိုသားကျေးရွာနှင့် အနီးဆုံးဖြစ်တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်မီး သွယ်တန်းပြီးဖြစ်တဲ့ ရွာမပြင်ကျေးရွာနှင့် (၅)မိုင်ပတ်ဝန်းကျင်တွင်ရှိတဲ့ ကျေးရွာများ ဖြစ်ပါတယ်။

လက်ရှိအစိုးရမှရေးဆွဲထားတဲ့ NEP စီမံကိန်းအရ ပထမနှစ်တွင် လျှပ်စစ်မီးရောက်ရှိတဲ့ နေရာမှ (၂)မိုင်အတွင်း ကျေးရွာများကို သွယ်တန်းပြီး ဒုတိယနှစ်တွင် (၅)မိုင်အတွင်းမှာ ရှိတဲ့ ကျေးရွာ များကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးရမည်ဟု သိရှိရပါတယ်။ ၂၀၃၀ ခုနှစ်အတွင်းမှာ NEP စီမံကိန်းအောင်မြင်နိုင်ရေးအတွက် ကျွန်တော်တို့ မြို့နယ်တွင် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရမည့် ကျေးရွာပေါင်းလည်း များစွာကျန်ရှိနေဦးမှာ ဖြစ်ပါတယ်။ ကျားနင်းကန်ကျေးရွာမှာ အိမ်ခြေ(၄၉၈) အိမ်၊ လူဦးရေအားဖြင့် (၂၄၂၃)ဦးရှိပြီး၊ ရွာမပြင်ကျေးရွာနှင့် (၂)မိုင်နီးပါးလောက် ရှိပါတယ်။ လိပ်မ ကျေးရွာမှာ အိမ်ခြေ(၃၆၉)အိမ်၊ လူဦးရေ(၁၆၁၂)ဦးရှိပြီး ကျားနင်းကန်ကျေးရွာနှင့် (၁)မိုင်လောက် သာ ကွာဝေးပါတယ်။ စိန်ခြုံကျေးရွာမှာ အိမ်ခြေ(၁၀၆)အိမ်၊ လူဦးရေ(၅၀၉)ဦး ရှိပြီး၊ လိပ်မကျေးရွာ နှင့်က(၁)မိုင်လောက်ပဲ ရှိပါတယ်။ ကျခပ်ပြင်ကျေးရွာ၊ ရွာဟောင်းနှင့်ရွာသစ်မှာ (၁၃၅)အိမ်၊ စုစုပေါင်း (၁၀၈၆)အိမ် ရှိပါတယ်။ စိန်ခြုံကျေးရွာနှင့်က (၁)မိုင်လောက်ပဲ ဝေးပါတယ်။ စဖိုသားကျေးရွာမှာ အိမ်ခြေ(၂၂၇)အိမ်၊ လူဦးရေ(၁၁၇၆)ဦးရှိပြီး ကျခပ်ပြင်ကျေးရွာနှင့် (၁)မိုင် ပတ်ဝန်းကျင်လောက်သာ ကွာဝေးပါတယ်။

အဆိုပါ ကျေးရွာများမှာ သရက်တပင်ကျေးရွာမှ ဂုပ္ပိထောင့်ကျေးရွာအထိ (၁၃)မိုင်ရှည် လျားတဲ့ လမ်းပေါ်တွင် ရှိတဲ့ ကျေးရွာများ၊ ရွာချင်းဆက်ကျေးရွာများဖြစ်ပါတယ်။ အဆိုပါလမ်းမှာလည်း ကွန်ကရစ်လမ်းတစ်မိုင်သာရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်း (၂)မိုင်ကိုတော့ ဆောင်ရွက်ပြီး ကျန်အပိုင်းများမှာ မြေသားလမ်း အဆင့်သာရှိနေတဲ့အတွက် မိုးရာသီတွင် သွားလာရေး အဆင်ပြေမှုတော့ မရှိသေးပါ။ ဤဒေသဖွံ့ဖြိုးတိုးတက်ရေး လူမှုဘဝနေထိုင်မှုအစစအရာရာ အဆင်ပြေစေရေးတို့အတွက် လျှပ်စစ်မီးရရှိရေးဟာလည်း အိမ်မက်သဖွယ်ဖြစ်နေတဲ့ အရပ်ဒေသတွေ ဖြစ်ပါတယ်။ ဒီသရီချောင်းနယ်မြေ၏ လူဦးရေ (၆၀၀၀)ကျော်ခန့်ကို လူမှုဘဝမြင့်မားစေရေးအတွက် ဒေသခံပြည်သူများ၏ တောင်းဆိုမှုအရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်း ကို မေးမြန်းအပ်ပါတယ်။ ကျောက်တော်မြို့နယ်အတွင်း သရီချောင်းနယ်မြေဖြစ်သည့် ကျားနင်းကန် ကျေးရွာ၊ လိပ်မကျေးရွာ၊ စိန်ခြုံကျေးရွာ၊ ကျခပ်ပြင်ရွာဟောင်း၊ ကျခပ်ပြင်ရွာသစ်နှင့် စဖိုသားကျေးရွာ များကို 11.KV လျှပ်စစ်လိုင်းများသွယ်တန်းပြီး (400)ဗို့အားလိုင်းများဖြင့် ကျေးရွာများ မီးလင်းရေး အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်း အပ်ပါ တယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့အတွင်းမှာရှိတဲ့ လိပ်မကျေးရွာ၊ စိန်ခြံ ကျေးရွာ၊ ကျခပ်ပြင်ကျေးရွာဟောင်း၊ ကျခပ်ပြင်ကျေးရွာသစ်နှင့် စဖိုသားကျေးရွာ စတဲ့ ကျေးရွာ(၅) ရွာ လျှပ်စစ်ရရှိရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်မယ့် အစီအစဉ်လေးအား Power Point ဖြင့် ရှင်းလင်း တင်ပြခွင့်ပြုပါခင်ဗျား။

အဆိုပါ လိပ်မကျေးရွာ၊ စိန်ခြံကျေးရွာ၊ ကျခပ်ပြင်ကျေးရွာဟောင်း၊ ကျခပ်ပြင်ကျေးရွာသစ်၊ စဖိုသားကျေးရွာတို့ဟာ ယခုမေးခွန်းမှာပါရှိတဲ့ ကျေးရွာ (၅)ရွာ ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာ (၅)ရွာ အပြင် ကြောင်စွယ်ဖြူ ကမ်းခြေတစ်လျှောက်နှင့် ဂုပ္ပိထောင့်ကျေးရွာပတ်လည်အနီးမှာရှိတဲ့ ကျေးရွာ ပေါင်း (၃၀)ရွာဟာ လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ ရည်စူးတဲ့အတွက်ကြောင့် လက်ရှိ လျှပ်စစ်ဓာတ်အား ရရှိထားပြီးဖြစ်တဲ့ ကျောက်တော်မြို့ ၆၆/၁၁ KV 5MVA ဓာတ်အားခွဲရုံမှသည် ဂုပ္ပိထောင့်ကျေးရွာသို့ ၆၆ KV ဓာတ်အားလိုင်း(၉)မိုင် ဦးစွာတည်ဆောက်ပြီး ဂုပ္ပိထောင့် မှာ ၆၆/၁၁ KV 5MVA ဓာတ်အား ခွဲရုံအား တည်ဆောက်ဖို့ ဝန်ကြီးဌာနက Plan ရေးဆွဲထားတာ ဖြစ်ပါတယ်။ အဆိုပါ ၆၆ KV ဓာတ်အား လိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ဝန်ကြီးဌာနရဲ့ (၅)နှစ် စီမံကိန်းမှာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လျာထားတောင်းခံပြီး တည်ဆောက်သွားရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဆိုပါ ဓာတ်အားခွဲရုံမှတစ်ဆင့် ပုံမှာ ပါရှိတဲ့အတိုင်း ၁၁ KV ဓာတ်အားလိုင်းများနှင့် ဆက်လက်တည်ဆောက်ပြီးတော့မှ လိပ်မကျေးရွာ၊ စိန်ခြံကျေးရွာ၊ ကျခပ်ပြင်ကျေးရွာဟောင်း၊ ကျခပ်ပြင် ကျေးရွာသစ်နှင့် စဖိုသားကျေးရွာများကို လျှပ်စစ်ဓာတ်အားရရှိရန် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မြေပုံပေါ်မှာ မပါရှိသော်လည်းပဲ ဂုပ္ပိထောင့်ခွဲရုံမှတစ်ဆင့် ၎င်းခွဲရုံရဲ့ မြောက်ဘက်အခြမ်းနှင့် ၎င်းခွဲရုံရဲ့ တောင်ဘက်အခြမ်းမှာရှိတဲ့ ကျေးရွာများကိုလည်းပဲ နောက်ထပ် ၁၁ KV ဓာတ်အားလိုင်းများနှင့် ကျေးရွာ အများစု လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်ဆောင်ရွက်ထားတာဖြစ်ပါတယ်။

မေးခွန်းမှာပါရှိတဲ့ ကျားနင်းကန်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက်ကိုကတော့ လက်ရှိတည်ဆောက်ဆဲဆောင်ရွက်နေတဲ့ ရွာမပြင်ကျေးရွာသို့ တည်ဆောက်ထားတဲ့ ၁၁ KV ဓာတ်အားလိုင်း ကနေပြီးတော့ နောက်ထပ် ၁၁ KV ဓာတ်အားလိုင်း (၁.၅)မိုင်နှင့် ၁၆၀ KVA ထရန်စဖော်မာ တစ်လုံးတည်ဆောက်ရမှာ ဖြစ်ပါတယ်။ ရွာမပြင်ကျေးရွာကို လျှပ်စစ်ဓာတ်အား ရရှိဖို့ အတွက် ၆၆/၁၁ KV 5MVA ကျောက်တော်ဓာတ်အားခွဲရုံကပေးနေတဲ့ လက်ရှိ ၁၁ KV ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အား ရယူဖို့ရာအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေတာ (၉၀)ရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်ပါတယ်။ ကျားနင်းကန်

ကျေးရွာဓာတ်အားရရှိရေးအတွက် လိုအပ်တဲ့ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ စက်တင်ဘာလအထိ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ရန်ပုံငွေနှင့် ဆောက်ရွက်ပေး သွားနိုင်ဖို့အတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အစိုးရအောင်ဘာလေထီ ဆုငွေများ ထုတ်ယူရာတွင် အနည်းဆုံးတန်ဖိုးငွေကျပ် သောင်းဂဏန်းမှ အများဆုံး ငွေကျပ်ငါးသိန်း သို့မဟုတ် ငွေကျပ်ဆယ်သိန်းအထိကို သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှတစ်ဆင့် ထုတ်ယူစေပြီး ကျန်ဆုမဲကြီးများအား ပုံမှန်ထုတ်ပေးနေကျ နည်းလမ်းများအတိုင်း ငွေထုတ်ပေးသည့်စနစ်ကို ဆုကြေးနည်း ထုတ်ယူသူများအတွက် ဖြေလျှော့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် က အစိုးရ အောင်ဘာလေထီ ဆုငွေများ ထုတ်ယူရာတွင် အနည်းဆုံးတန်ဖိုးငွေကျပ် သောင်းဂဏန်းမှ အများဆုံး ငွေကျပ်ငါးသိန်း သို့မဟုတ် ငွေကျပ်ဆယ်သိန်းအထိကို သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှတစ်ဆင့် ထုတ်ယူ စေပြီး ကျန်ဆုမဲကြီးများအား ပုံမှန်ထုတ်ပေးနေကျ နည်းလမ်းများအတိုင်း ငွေထုတ်ပေးသည့် စနစ်ကို ဆုကြေးနည်း ထုတ်ယူသူများအတွက် ဖြေလျှော့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)က ဦးဖေတင် ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မေးရတဲ့ ရည်ရွယ်ချက်က အောင်ဘာလေ ထီဆုငွေထုတ်တဲ့အခါမှာ ဆုကြေးငွေပမာဏ မများတဲ့ ကျပ်သောင်းဂဏန်းကနေ အများဆုံးငါးသိန်း သို့တည်းမဟုတ် ဆယ်သိန်းအထိရှိတဲ့ ငွေပမာဏထဲကိုသာ ထီပေါက်မဲထွက်ရှိတဲ့ နယ်မြို့မှာရှိတဲ့ ဆိုင်ခွဲ အမည်က သွားထုတ်မယ်ဆိုလို့ရှိရင် (၅)ရာခိုင်နှုန်း၊ ငွေကြေးဖြတ်တောက်ပြီးရင် ငွေသားချက်ချင်း ရတယ်လို့ သိရှိရပါတယ်။ နည်းလမ်းတကျ ဖြစ်စေဖို့အတွက် ထီပေါက်မဲဆုငွေတွေကို ထုတ်ယူတဲ့ အခါမှာ သက်ဆိုင်ရာအခွန်ဦးစီးဌာနကို သွားရောက်ဆက်သွယ်တဲ့အခါမှာ လိုအပ်တဲ့ ထောက်ခံစာတွေ၊ စာရွက်စာတမ်း၊ မိတ္တူများ ပြည့်စုံအောင် လိုက်လံစုဆောင်းရယူပြီး ဦးစွာ ဆုကြေးငွေထုတ်ယူဖို့အတွက် လျှောက်ထားမှုပြုရပါတယ်။ ဒီလိုသွားတဲ့အခါမှာ အနည်းဆုံး တစ်လခွဲ၊ နှစ်လခန့်ကြာမြင့်ပြီးတော့မှ ဒီချက်လက်မှတ်ကို ဘဏ်မှာထုတ်ယူခွင့် ရပါတယ်။

အဲဒီတော့ ဆုကြေးငွေပမာဏနည်းတဲ့ အတိုင်းအတာတွေကို သက်ဆိုင်ရာ ပေါက်မဲထွက်ရှိတဲ့ မြို့နယ်မှာ အခွန်ဦးစီးဌာနကတစ်ဆင့် ဒီဆုကြေးနည်းတဲ့ ပြည်သူများအတွက်ကို ဖြေလျှော့တဲ့ နည်းလမ်း နှင့်သက်သက်သာသာ ငွေထုတ်ယူနိုင်အောင် စီစဉ်ပေးဖို့ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၁။**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေတင် ရဲ့ မေးခွန်းနှင့်ပတ်သက်လို့ ရှင်းလင်းပေးမှာဖြစ်ပါတယ်။ ပြည်တွင်းအခွန် များဦးစီးဌာန၊ အောင်ဘာလေသိန်းဆု ဌာနခွဲအနေနဲ့ကနေပြီးတော့ အောင်ဘာလေထီလက်မှတ် တွေကို လစဉ်ဖြန့်ဝေရောင်းချလျက်ရှိတဲ့နေရာမှာ ရောင်းရငွေရဲ့ (၆၀)ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ပြန်လည်ခွဲပေးပြီးတော့ ကျန်(၄၀)ရာခိုင်နှုန်းကို နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အသုံးပြုဖို့အတွက် အခွန်ဘဏ္ဍာအဖြစ်ကို ရရှိပါတယ်။ အဆိုပါ (၆၀)ရာခိုင်နှုန်းဆုငွေများကို အောင်ဘာလေသိန်းဆုဌာနခွဲ ရန်ကုန်တွင်သာမကဘဲနှင့် သိန်းငါးထောင်အထိ ဆုငွေများကို အောင်ဘာလေသိန်းဆုဌာနခွဲ မန္တလေးရုံးခွဲ မှာလည်းကောင်း၊ နောက်ဆုကြေးနည်း ထီပေါက်သူများအနေဖြင့် လွယ်ကူစွာ အဆင်ပြေစွာနှင့် ဆုကြေး ငွေထုတ်ယူနိုင်ရန်အတွက် ကျပ်ဆယ်သိန်းအထိ ဆုငွေများကို မြို့နယ်အခွန် ဦးစီးမှူးရုံးများမှာလည်း ထုတ်ပေးလျက်ရှိပါတယ်။

အောင်ဘာလေသိန်းဆုဌာနခွဲအနေနဲ့ကနေပြီးတော့ ထီဆုငွေထုတ်ယူရန်အတွက် ဆုလက်မှတ် များကို တင်ပြရတဲ့အခါမှာ စစ်ဆေးရမယ့်အချက်များ၊ ဆုငွေတောင်းခံလွှာနှင့် တင်ပြရမယ့်အထောက်အထား များကို သတ်မှတ်ထားပါတယ်။ မည်သည့်ရုံးတွင်မဆို ဆုငွေထုတ်သည်ဖြစ်စေ၊ ဆုငွေတောင်းခံလွှာ နှင့်အတူ ပြည့်စုံမှန်ကန်စွာဖြည့်သွင်းထားတဲ့ ဆုငွေတောင်းခံလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် မိတ္တူ၊ အိမ်ထောင်စုစာရင်း၊ မူရင်းနှင့် မိတ္တူ၊ ဓာတ်ပုံ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို ပူးတွဲတင်ပြ ရမှာ ဖြစ်ပါတယ်။ မြို့နယ်အခွန်ဦးစီးရုံးများမှာ ငွေထုတ်ယူရန် လာရောက်တင်ပြတဲ့အခါမှာလည်း ဆုရထီလက်မှတ်မှန်/မမှန်စိစစ်ခြင်း၊ အထောက်အထားရယူခြင်းများ ဆောင်ရွက်ပြီးတော့ အောင်ဘာလေ သိန်းဆုဌာနခွဲများသို့ ထီဆုငွေထုတ်ယူခွင့်ပြုရန် တင်ပြရမှာ ဖြစ်ပါတယ်။ ထို့နောက် သက်ဆိုင်ရာမြို့နယ် များသို့ အောင်ဘာလေသိန်းဆုဌာနခွဲကနေပြီးတော့ ထီဆုငွေထုတ်ယူရန်အတွက် ရန်ပုံငွေခွင့်ပြုကြောင်း အကြောင်းကြားခြင်း၊ ငွေစာရင်းဌာနမှ ရသုံးငွေစာရင်းအရ မဟုတ်သော ခွင့်ပြုငွေများ သုံးစွဲခွင့်ပြုကြောင်း အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်ပေးပြီးနောက် ထီဆုငွေများကို ထုတ်ပေးခြင်းများကို ဆောင်ရွက် ရပါတယ်။

အောင်ဘာလေထီလက်မှတ်ရောင်းရငွေ (၆၀)ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ပြန်လည်ခွဲပေးတဲ့ နေရာမှာ ထီဆုငွေများကို မည်သည့်မြို့နယ်၊ မည်သည့်ရုံးတွင်၊ မည်သည့်ဆုငွေပမာဏ ထုတ်ရမည်ကို ခန့်မှန်း၍ ကြိုတင်ဘတ်ဂျက်ခွဲဝေရန် ခက်ခဲတဲ့အတွက် အောင်ဘာလေသိန်းဆုဌာနခွဲ ရန်ကုန်နှင့် မန္တလေးရုံးခွဲများတွင်သာ ငွေစာရင်းဖွင့်လှစ်ထိန်းသိမ်းထားရခြင်း ဖြစ်ပါတယ်။ သို့ပေမယ့်လည်း

အောင်ဘာလေသိန်းဆုဌာနခွဲ ရန်ကုန်နှင့် မန္တလေးရုံးခွဲများတွင် ဆုငွေလာရောက်ထုတ်ယူပါက နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ထီဖွင့်ပွဲပြီး နောက်ရက်ကနေ စတင်ပြီးတော့ ထီဆုငွေများ စတင်ထုတ်ပေးနိုင်အောင် စီစဉ်ထားလျက်ရှိပြီး မြို့နယ်အခွန်ဦးစီးမှူးရုံးများမှာလည်း ထီဆုငွေထုတ်ခွင့်ပြုရန် တင်ပြလာပါက ရက်သတ္တပတ်အတွင်း ထုတ်ပေးနိုင်ရန်အတွက် ရုံးစာ ကိစ္စရပ်များကို E mail, Fax, Viber စနစ်များ ဖြင့်ဆောင်ရွက်ပေးရန် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြို့နယ်အခွန်ဦးစီးရုံးများတွင် ထီဆုငွေထုတ်ယူလိုသူများအနေဖြင့် ကျပ်ဆယ် သိန်းအထိ ထီဆုငွေများကို ရက်သတ္တပတ်အတွင်းမှာ ထုတ်ယူနိုင်ပြီ ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ပုဂ္ဂလိကပိုင် လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီမှ မြို့ဝင်/မြို့ထွက်များတွင် ငွေကောက်ခံရေး စခန်းများဖွင့်လှစ်၍ ငွေကောက်ခံနေခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ က ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီမှ မြို့ဝင်/မြို့ထွက်များတွင် ငွေကောက်ခံရေး စခန်းများ ဖွင့်လှစ်၍ ငွေကောက်ခံနေခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ဖြစ်ပါတယ်။ ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီများမှ မြို့ဝင်/ မြို့ထွက်များတွင် ငွေကောက်ခံရေးစခန်းများဖွင့်လှစ်၍ ကောက်ခံနေခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကို မမေးမြန်းမီ ဒီ ကော်မတီရဲ့ သမိုင်းကြောင်းအနည်းငယ်ကို ရှင်းပြလိုပါတယ်။ ဒီ ပုဂ္ဂလိကပိုင် လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီတွေဟာ ယခင် မ.ထ.သ လို့ခေါ်တဲ့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီတွေပဲ ဖြစ်ပါတယ်။ ဒီ ကော်မတီတွေ ဟာ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ အုပ်ချုပ်သူတွေရဲ့ အလိုကျလုပ်ဆောင်ဖို့ ဖွဲ့စည်းခဲ့တဲ့ အဖွဲ့တွေပဲ ဖြစ် ပါတယ်။ ဒီ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအလိုက် ပြည်နယ်အလိုက် ဥပဒေတွေ ပြဋ္ဌာန်းခဲ့ကြလို့ ခုလို တရားဝင်အဖွဲ့အစည်းတွေအဖြစ် ရပ်တည်လာခဲ့တာ ဖြစ်ပါတယ်။ ဒီ ငွေကြေးကောက်ခံမှုတွေဟာ ဒီ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေတွေအရ သက်ဆိုင်ရာမြို့

မှာရှိတဲ့ ယာဉ်လိုင်းတွေ ဒီ လုပ်ငန်းသုံးယာဉ်တွေကို ကြီးကြပ်ပြီးတော့ ကြီးကြပ်ခကောက်ခံရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဖြတ်သန်းသွားလာနေသည့် ယာဉ်အားလုံးကို ကောက်ခံနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမော်တော်ယာဉ်တွေဟာ ဒီယာဉ်လိုင်စင်နှင့် ပတ်သက်ပြီးတော့ ဒီ ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က.ည.န)မှာ မှတ်ပုံတင်ပြီးတော့ ဒီလုပ်ငန်းလုပ်ရန်အတွက်တော့ ဒီ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုဌာနမှာ မှတ်ပုံတင်ရပါတယ်။ တစ်နိုင်ငံလုံးမှာ တိုင်းနှင့်ပြည်နယ်အသီးသီးမှာ လွတ်လပ်စွာ သွားလာခွင့်၊ လုပ်ကိုင်ခွင့်ရှိပါတယ်။ ဒါပေမဲ့ ဒီကော်မတီတွေဖွဲ့ပြီးတော့ မြို့ဝင်/မြို့ထွက်တွေမှာ လူမိုက်ဆန်ဆန် အခကြေးငွေတွေ တောင်းနေတာကတော့ မဖြစ်သင့်ဘူးလို့ ကျွန်တော့်အနေနှင့် ထင်ပါတယ်။ အထူးသဖြင့် ယနေ့ခေတ် ကာလမျိုးမှာ မရှိသင့်တော့ဘူးလို့ ကျွန်တော့်အနေနှင့် ထင်ပါတယ်။ ဒီ ငွေကြေးကောက်ခံမှုတွေကြောင့် ဒီ ယာဉ်အန္တရာယ်တွေဖြစ်ရသလို ကုန်စည်စီးဆင်းမှုကိုလည်း နှောင့်နှေးကြန့်ကြာစေပါတယ်။ ဒါ့အပြင် ဒီ စားသုံးသူ ပြည်သူတွေအတွက်လည်း ဝန်ထုပ်ဝန်ပိုးများစွာဖြစ်ရသလို ခရီးသွားပြည်သူများအတွက်လည်း စိတ်အနှောင့်အယှက် များစွာဖြစ်ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီးတော့ ၂၀၁၈ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှ စပြီးတော့ မြို့ဝင်၊ မြို့ထွက်တွေကို ဒီကော်မတီတွေအနေနှင့် ငွေကောက်ခံမှုကို ရပ်ဆိုင်းတော့မယ်ဆိုပြီးတော့ ကတိကဝတ်လည်း ရရှိပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အခြားပြည်နယ်၊ တိုင်းတွေမှာလည်း အခုလို မကွေးတိုင်းဒေသကြီးလို ရပ်ဆိုင်းစေချင်လို့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုတာက ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီများမှ မြို့ဝင်/မြို့ထွက်များမှာ ဒီ အခကြေးငွေ ကောက်ခံနေခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၇။**

**ဦးအောင်မြင့်ထွန်း(နေပြည်တော်ကောင်စီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြမင်းဆွေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီမှ မြို့ဝင်/မြို့ထွက်ဂိတ်များတွင် ငွေကောက်ခံရေးစခန်းများ ဖွင့်လှစ်၍ ငွေကောက်ခံနေခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ်ရှိ/မရှိဆိုသည့် မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် နေပြည်တော်ကောင်စီဝင်က တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များကို ပူးပေါင်းပြီးတော့ ဖြေကြားတင်ပြပေးမှာ ဖြစ်ပါတယ်။

ကျွန်တော် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ တချို့ကတော့ ဘာပြောသလဲဆိုတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ကို ရည်ညွှန်းထားတဲ့ ဇယား(၂)၊ အပိုဒ်(၆)မှာ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍခေါင်းစဉ်မှာ အပိုဒ်ခွဲ(ခ)မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် လမ်းများ၊ တံတားများဟူ၍ လည်းကောင်း၊ အပိုဒ်ခွဲ(ဂ)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သွားလာသည့် ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါတယ် ဆိုပြီးတော့ ဖော်ပြပါတယ်။ နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ကို ရည်ညွှန်းပြီးတော့ ဇယား(၅)မှာ တိုင်းဒေသကြီးနှင့်ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများခေါင်းစဉ်အောက်မှာ အပိုဒ်(၆)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်း၊ ရေလမ်းသုံးယာဉ်များဆိုင်ရာ ဥပဒေအရ ကြီးကြပ်သော အခွန်များလို့လည်း ပြဋ္ဌာန်းထားတယ်ဆိုပြီးတော့ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ကတော့ ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များကို မြို့ဝင်၊ မြို့ထွက်များမှာ ငွေကောက်ခံရေးစနစ်များ၊ စခန်းများဖွင့်လှစ်ပြီးတော့ ယင်းတို့ရဲ့ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေများအရ ဥပဒေနှင့်အညီ ကောက်ခံနေတာဖြစ်တဲ့အတွက် ဖျက်သိမ်းပေးရန် အစီအစဉ်မရှိဘူးလို့ ဖြေကြားပါတယ် ခင်ဗျား။ အဲဒီ(၄)ခုကတော့။

ဒါပေမဲ့ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ကတော့ မြို့ဝင်၊ မြို့ထွက်များမှာ ငွေကောက်ခံရေးစခန်းများ ဖွင့်လှစ်၍ အခကြေးငွေကောက်ခံခြင်းများ ရှိမနေပါကြောင်း ဖြေကြားပါတယ်ခင်ဗျား။ အဲဒီလိုပဲ ဒါ နံပါတ်(၁)နှင့် (၂)ပေါ့နော်။ (၁)ကတော့ ကောက်ပါမယ်။ (၂)ကတော့ မကောက်တော့ပါဘူးလို့ ပြောပါတယ်။ နံပါတ်(၃) အနေနှင့်ကတော့ မကွေးတိုင်းဒေသကြီးအနေနှင့်ကတော့ ၂၀၁၈ ခုနှစ်၊ မတ်လ ၁ ရက်နေကနေစပြီးတော့ ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများမှာ မြို့ဝင်၊ မြို့ထွက်များ ငွေကြေးကောက်ခံနေခြင်းများကို လုံးဝကောက်ခံခြင်း မပြုရန် ဆောင်ရွက်သွားပါမယ်လို့ ဖြေကြားပါတယ်။ အဲဒီလိုပဲ ရန်ကုန်တိုင်းဒေသကြီးကလည်း မတ်လ ၃၁ ရက်နေ့အထိသာ ကောက်ခံပြီးတော့ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ရပ်ဆိုင်းသွားပါမယ်လို့ ဖြေကြားပါတယ်ခင်ဗျား။

နောက် ကချင်ပြည်နယ်အနေနှင့်ကတော့ ပုဂ္ဂလိကပိုင် မော်တော်ယာဉ် ကြီးကြပ်ရေးကော်မတီရဲ့ ဆန္ဒအရ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အဆုံးအဖြတ်နှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါတယ်။ နောက် စစ်ကိုင်းတိုင်းဒေသကြီးအနေနှင့်ကတော့ မြို့ဝင်၊ မြို့ထွက်လမ်းများမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာခြင်းရှိ/မရှိ ရှောင်တခင်စစ်ဆေးခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်စေပြီး ယာဉ်ရပ်နားစခန်းများတွင်သာ ကောက်ခံစေရေး ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်လို့ ဖြေကြားပါတယ်။ နောက် ပဲခူးတိုင်းဒေသကြီး အနေနှင့်ကတော့ ပဲခူးမြို့အဝင်မှာ တိုးဂိတ်မှာ တိုင်းယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီကနေပြီးတော့ တိုင်းကျော်လုပ်ငန်းလိုင်စင်ရှိတဲ့ယာဉ်များကို ယာဉ်စည်းကြပ်ခ တစ်စီးကို (၅၀၀)ကျပ်နှုန်းနှင့် ယခင်အစိုးရလက်ထက်က ထုတ်ပြန်တဲ့စီမံချက်များအရ ကောက်ခံနေခြင်း ဖြစ်ပါတယ်။ ယခုအစိုးရအနေနှင့် ဆက်လက်ကောက်ခံရန် သင့်/မသင့်ကို (Cabinet)အစည်းအဝေးတွင် ဆုံးဖြတ်ပြီးတော့ (၂)လအတွင်း စာပြန်ပြီးဖြေကြားပေးပါမယ်လို့ ဖြေကြားပါတယ်ခင်ဗျား။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီအနေနှင့်ကတော့ မြို့ဝင်/မြို့ထွက်ကောက်ခံရေးစခန်းများ မရှိပါဘူး။ နေပြည်တော်

စည်ပင်သာယာရေးကော်မတီက မြို့ဝင်ကြေး၊ ဘီးခွန် ကောက်ခံတာသာ ရှိပါတယ်လို့ ဖြေကြားပါတယ်ခင်ဗျား။

အဲဒီတော့ အားလုံးကို ခြုံကြည့်ရမယ်ဆိုလို့ရှိရင် ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေဖြစ်တဲ့ အားလုံး (၉)ပြည်နယ်နှင့်တိုင်းကတော့ ကောက်ခံခြင်း မရှိတော့ပါဘူး။ ပဲခူးတိုင်းနှင့် ကချင်ပြည်နယ်ကတော့ ပြန်လည်ပြီးတော့ ကောက်ခံခြင်းရှိ/မရှိ ဖြေကြားမယ်လို့ တင်ပြထားတာ တွေ့ရပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ကတော့ ဥပဒေနှင့်အညီ ဆက်လက်ကောက်ခံနေတာ ဖြစ်ပါကြောင်းလို့ ဖြေကြားထားတာကို ပေါင်းစပ်ပြီးတော့ လေးစားစွာ တင်ပြဖြေရှင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT(OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့်တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (ONE VILLAGE ONE PRODUCT (OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသောပြည်နယ်နှင့်တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဒေါ်ထုမေ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျွန်မအနေနှင့် တင်သွင်းမယ့်အဆိုကတော့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့်တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်။

အဆိုရဲ့ အဓိက ရည်မှန်းချက်(၄)ခုရှိပါတယ်။ နံပါတ်(၁)အနေနှင့် ကျေးလက်ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးရရှိရေးဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး။ (၂) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်နိုင်ရေး။ (၃) နိုင်ငံသူ၊ နိုင်ငံသားများ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးကဏ္ဍ ထွန်းကားရေး။ (၄) ဒေသထွက် ကုန်ကြမ်းပေါ်မှာ အခြေခံ၍ ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပ တင်ပို့ရန်အတွက် အဆင့်မြင့် ကုန်ချောများ ထုတ်လုပ်ရေးတို့ ဖြစ်ပါတယ်။ အဆိုနှင့် ပတ်သက်ပြီးတော့ ကျွန်မအခြေခံ အချက်အလက်တစ်ချို့ကို တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ တိုင်းနှင့်ပြည်နယ်၊ နေပြည်တော်ကောင်စီအပါအဝင် (၁၅)ခု နှင့် ဖွဲ့စည်းထားပါတယ်။ ခရိုင် အရေအတွက် (၇၄)ခုရှိပြီးတော့ မြို့နယ်၊ မြို့နယ်ခွဲအရေအတွက် (၄၁၂) မြို့နယ်၊ ကျေးရွာပေါင်း(၆၀၀၀၀)သောင်းကျော်နှင့် လူဦးရေ သန်း(၅၁)သန်းကျော်ရှိပြီးတော့ မြို့ပြလူဦးရေ(၃၀)ရာခိုင်နှုန်းနှင့် ကျေးလက်လူဦးရေ(၇၀) ရာခိုင်နှုန်းရှိကြောင်း မြန်မာနိုင်ငံရဲ့ လူဦးရေ ကိန်းဂဏန်း အချက်အလက်က ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ ဒီ အဆိုဟာ ဆိုလို့ရှိရင် နိုင်ငံ့ လူဦးရေ (၇၀)ရာခိုင်နှုန်းကို အကျိုးပြုမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အလုပ်လုပ်နိုင်သူ ဦးရေဟာ (၁၅)နှစ်က (၆၄)နှစ်အထိ (၆၅.၆)ရာခိုင်နှုန်း ရှိပြီးတော့ အမျိုးသမီး အိမ်ထောင်ဦးစီးရာခိုင်နှုန်း (၂၃.၇) ရာခိုင်နှုန်း ရှိပါတယ်။ မြန်မာနိုင်ငံဟာ အလုပ်လုပ်နိုင်သော လူဦးရေရာခိုင်နှုန်း မြင့်မားခြင်းဟာ နိုင်ငံ တိုးတက်မှုအတွက် အားသာချက်ဖြစ်ပါတယ်။ ဒီအားသာချက်ကို အမိအရဆုပ်ကိုင်ပြီးတော့ အသက်မွေး ဝမ်းကျောင်း အခွင့်အလမ်းကို ဖန်တီးပေးခြင်းက နိုင်ငံအတွက် တိုးတက်မှုကို ဆောင်ကြဉ်းနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံဆိုလို့ရှိရင် ပြည်သူများမှ တက်ကြွစွာ ပါဝင်မှုရှိတဲ့ ပြည်သူ့အကျိုးဖြစ်ထွန်းမယ့် မူဝါဒတွေကို ကျင့်သုံးရန်လည်း လိုအပ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်တာကြောင့် ဒေသတွင်းနိုင်ငံများနှင့် အခြေအနေအရပ်ရပ်ကို လေ့လာပြီးတော့ မိမိနိုင်ငံရဲ့အကျိုးစီးပွား ဖြစ်ထွန်းရေးကို ပူးပေါင်းဆောင်ရွက်ဖို့ တာဝန်လည်း ရှိပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနှင့် အာဆီယံဒေသ လုံခြုံရေး အသိုက်အဝန်း၊ စီးပွားရေး အသိုက်အဝန်းကို ၂၀၂၀ ခုနှစ် ရောက်တဲ့အခါမှာ အာဆီယံအသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းဖို့အတွက် ရည်မှန်းချက်ကို အာဆီယံခေါင်းဆောင်များက ချမှတ်ထားပါတယ်။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ အဖွဲ့ဝင်များနှင့် ဆင်းရဲနွမ်းပါးမှုဟာ ကျေးလက်ဒေသများမှာ အများဆုံးနေထိုင်ကြပြီးတော့ အဲဒီလူများထဲ ကမှ အများဆုံးဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပေါ်မှာ အသက်မွေးဝမ်းကျောင်းပြုကြသူများ ဖြစ်ပါတယ်။ သူတို့နေထိုင်ရတဲ့ ဘဝအခြေအနေများကြောင့် သူတို့ရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးကို လုံလောက်စွာ ဖြည့်တင်းပေးဖို့အတွက် မစွမ်းဆောင်နိုင်ကြသေးပါဘူး။ ဒါကြောင့် မို့လို့ ဆင်းရဲနွမ်းပါးသူ များမှ အများစုဟာဆိုလို့ရှိရင် မြို့ကြီးများကို သွားရောက်ပြီးတော့ အခြေခံ ပညာနှင့် လုပ်မှုအရင်းအနှီး နည်းပါးသော လက်ခစားအလုပ်များကို လုပ်ကိုင်စားသောက်ကြရပါတယ်။ အဲဒီလို အလုံးအရင်းနှင့် မြို့ပြဒေသကို ပြောင်းရွှေ့လာခြင်းဟာ နိုင်ငံ့လူဦးရေပြန့်နှံ့ခြင်းအပေါ်မှာ အခြေခံပြီးတော့ ဒါ စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်လာနေပါတယ်။ ဒါတွေကို ဖြေရှင်းဖို့အတွက် ဂျပန်နိုင်ငံရဲ့ ဆင်းရဲမွဲတည်မှု အမြင့်မားဆုံးဒေသမှာ အိုအိတ (Oita) ပြည်နယ်မှာဆိုလို့ရှိရင် အုပ်ချုပ်ရေးမှူးက ၁၉၇၉

ခုနှစ်မှာ ကျေးလက်ဒေသ ရွာတစ်ရွာမှာ ထုတ်ကုန်တစ်မျိုး စီမံကိန်းကို ဆင်းရဲနွမ်းပါးမှု လျှော့ချဖို့ အတွက် စီးပွားရေးမြှင့်တင်မှုကို စတင် အကောင်အထည်ဖော်ပြီးတော့ ဒီ လှုပ်ရှားမှုဟာ ဆင်းရဲမွဲတေမှု လျှော့ချပြီးတော့ စီးပွားရေး အခြေအနေ တိုးတက်လာစေကြောင်း လေ့လာသိရှိရပါတယ်။

ဒါနဲ့ ဆက်စပ်ပြီးတော့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ရည်မှန်းချက်က မိသားစုဝင်များ သက်သာချောင်ချိရေး။ ကောင်းမွန်သော စီးပွားရေးစနစ် မတူကွဲပြားသော ကောင်းမွန်သောထွက်ကုန် ဖန်တီးထုတ်လုပ်ခြင်းဖြင့် တန်ဖိုးမြှင့်တင်ရန်၊ ဒေသအတွင်း ကုန်ကြမ်းအရင်းအနှီးကို အသုံးပြုပြီးတော့ ကုန်စည်နှင့်ဝန်ဆောင်မှု ထုတ်လုပ်ခြင်းနှင့် ကမ္ဘာ့ဈေးကွက်ကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းစတဲ့ တိုးတက် ကောင်းမွန်သော နည်းလမ်းများဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများကို စတင်ဆောင်ရွက်ပြီးတော့ ဖွဲ့စည်း ကြပါတယ်။ ဒါ အာဆီယံဒေသတွင်း ရွာတစ်ရွာ၊ ကျေးရွာတစ်ခု ထုတ်လုပ်မှုနှင့်ပတ်သက်ပြီးတော့ မြန်မာ နိုင်ငံမှာလည်း စီးပွားရေးနှင့်ပတ်သက်ပြီးတဲ့ ဒီ လူမှုဘဝမြှင့်တင်ရေး လှုပ်ရှားမှုလမ်းညွှန်မှုကို မြန်မာ ဘာသာနှင့် ထုတ်ဝေထားပြီး ဖြစ်ပါတယ်။ ဒီ စီမံကိန်းရဲ့ အခြေခံသဘောတရားကတော့ ရွာတစ်ရွာကို အကောင်းဆုံး ကုန်စည်တစ်မျိုး ပြိုင်စံကင်းအောင်ထုတ်တာပဲ ဖြစ်ပါတယ်။ တစ်နည်းဆိုရမယ်ဆိုလို့ရှိရင် ဒေသခံပြည်သူများ ဝင်ငွေများများရနိုင်ဖို့အတွက် ဒေသထွက်ကုန်များကို တိုးမြှင့်ထုတ်လုပ်ပြီးတော့ ဒီ ထုတ်ကုန်အဖြစ် ပြောင်းလဲခြင်းဖြစ်ပါတယ်။ ပြီးတော့ ဒေသရဲ့ ပတ်ဝန်းကျင်အခြေအနေကို ဒေသခံ ပြည်သူတွေနှင့် ခရီးသွားလည်ပတ်သူတွေ ဆွဲဆောင်နိုင်ဖို့အတွက် နေရာတစ်ခုအဖြစ် ပြောင်းလဲခြင်း ဖြစ်ပါတယ်။ ရွာတစ်ရွာကို ထုတ်ကုန်တစ်ခု စီမံကိန်းက ဈေးကွက်ခိုင်မာမှုရှိတဲ့ အကောင်းဆုံး ပြိုင်စံကင်းထုတ်ကုန်တွေကို ထုတ်လုပ်ဖို့ ကြိုးပမ်းကြတဲ့အတွက်ကြောင့်မို့လို့ ကျေးလက်နေပြည်သူ များရဲ့ ဖွံ့ဖြိုးရေး၊ တီထွင်ဖန်တီးနိုင်စွမ်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ခေါင်းဆောင်မှု အရည်အသွေး တိုးတက်ခြင်းစတဲ့ အကျိုးကျေးဇူးများရရှိကြောင်း လေ့လာသိရှိရပါတယ်။

ဒီ စီမံကိန်းရဲ့ အခြေခံရည်ရွယ်ချက် အကြမ်းဖျဉ်းကတော့ သက်ဆိုင်ရာဒေသများနှင့် ရေရှည် တည်တံ့ခိုင်မြဲဖွံ့ဖြိုးမှုနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် ကိုယ်ထူကိုယ်ထ ဆောင်ရွက်နိုင်ရေးအတွက် စုစည်းဖော်ထုတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီ စီမံကိန်းမှာ အခြေခံလိုအပ်ချက် (၃)ခုရှိပါတယ်။ အဲဒါက ဘာလဲ ဆိုလို့ရှိရင် (၁) ကိုယ့်ကိုကိုယ်အားကိုးဖြင့် တီထွင်ဖန်တီးမှု။ (၂) လူသားစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှု။ (၃) ဒေသနှင့်လျော်ညီအောင်တွေးပြီး ကမ္ဘာနှင့်ညီအောင်လုပ်တဲ့ Thinking Localiy but Acting Globally ဖြစ်ပါတယ်။ ဒီ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ဒီ ကျေးလက်ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်တဲ့နိုင်ငံနှင့် ဒေသအလိုက် နည်းလမ်းအမျိုးမျိုး ကွဲပြားပါတယ်။ ကျွန်မတို့ နိုင်ငံအနေနဲ့ နေရာဒေသနှင့် အခြေအနေကို မူတည်ပြီးတော့ ကိုက်ညီအောင် အကောင်အထည် ဖော်နိုင်ပါတယ်။ ဒါကြောင့်လည်း မူလဘူတ ဂျပန်နိုင်ငံသာမက နိုင်ငံတော်တော်များများက ဒီစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးတော့ အောင်မြင်လျက်ရှိပါတယ်။ ဂျပန်နိုင်ငံရဲ့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ကုန်တစ်ခု စီမံကိန်းကို ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးဆဲ နိုင်ငံများ၊ ဖွံ့ဖြိုးပြီး နိုင်ငံများ၊ အာဆီယံမှာ ဆိုလို့ရှိရင် စင်ကာပူနိုင်ငံကလွဲပြီး ကျန်ဒေသများမှာ ဦးဆောင်ဦးရွက် ဆောင်ရွက်လျက် ရှိပါတယ်။

ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်မတို့ရဲ့ အိမ်နီးနားချင်းမှာ အောင်မြင်နေတဲ့ ထိုင်းနိုင်ငံရဲ့ ဥပမာကို တင်ပြလိုပါတယ်။ ထိုင်းနိုင်ငံရဲ့ ONE VILLAGE ONE PRODUCT ကို သူတို့မှာ အသွင် ပြောင်းလိုက်ပါတယ်။ (One Tambon One Product) ဆိုပြီးတော့ သူတို့ အသွင်ပြောင်းပါတယ်။

ထိုင်းနိုင်ငံဟာ ပထမဆုံး သူတို့ အမျိုးသားရေးစီမံကိန်း ၁၉၆၁-၁၉၆၅ ခုနှစ်ပြည့်လွန်နှစ်က စပြီးတော့ စီးပွားရေးပြုပြင် ပြောင်းလဲမှုတွေ လုပ်ခဲ့ပါတယ်။ ဒီလိုမျိုး ပြုပြင်ပြောင်းလဲမှုတွေ လုပ်တဲ့အခါမှာ ဆိုလို့ရှိရင် စိုက်ပျိုးရေးအခြေခံဖြစ်တဲ့အတွက်ကြောင့်မို့လို့ စိုက်ပျိုးရေးကိုအခြေခံတဲ့ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာတစ်ရပ် ချမှတ်ခဲ့ပါတယ်။ အဲဒီ နောက်မှာ ၁၉၈၀ ခုနှစ် နောက်ပိုင်းမှာတော့ စိုက်ပျိုးရေးကနေ ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍကို ကူးပြောင်းလာခဲ့ပါတယ်။ အဲဒီအချိန်ကာလမှာ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသတွေမှာ အခက်အခဲပြဿနာ များစွာနှင့် ရင်ဆိုင်နေရပါတယ်။ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေး ကွာခြားမှုကြောင့် ဆင်းရဲမွဲတေမှု ရင်ဆိုင် ရပြီးနောက် ၁၉၇၀ လောက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးစားပေး ဆောင်ရွက်လာနိုင်ပါတယ်။ အစောပိုင်းတုန်းက စိုက်ပျိုးရေး ဒါမှမဟုတ် ကျေးလက်ဖွံ့ဖြိုးရေး မူဝါဒတွေ ဖွံ့ဖြိုးဖို့ အလားအလာ ကောင်းသည့်နေရာတွေမှာ အရင်းအမြစ်တွေရှိတဲ့အတွက်ကြောင့်မို့လို့ ဒီနေရာကိုပဲ ဦးစားပေးဆောင်ရွက် ခဲ့ပါတယ်။

ဒါကြောင့်လည်း ကျွန်မအဆိုမှာ ဆင်းရဲတဲ့ ပြည်နယ်များကို ဦးစားပေးဖို့ ဆိုလိုရခြင်း ဖြစ်ပါတယ်။ နောက် ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းတဲ့အခါမှာ စီးပွားရေးဖွံ့ဖြိုးမှုကို အဓိကထားပါတယ်။ သူတို့နိုင်ငံရဲ့ (၅)ကြိမ်မြောက်၊ (၆)ကြိမ်မြောက်၊ (၇)ကြိမ်မြောက်ဆိုသလို နိုင်ငံရဲ့ဆင်းရဲသားတွေအတွက် ဒီ ကျန်းမာရေး အစီအစဉ် အထူးသဖြင့် ဒီလိုမျိုး ဆင်းရဲမွဲတေမှုလျော့ချဖို့အတွက် စီးပွားရေးကဏ္ဍ အကြပ်အတည်းထဲမှာမှ စိုက်ပျိုးရေးနှင့် ကျေးလက်ကဏ္ဍကို သူတို့ တိုးမြှင့်လုပ်ဆောင်ခဲ့ပါတယ်။ ဒ့ါအပြင် ကျေးလက်မှာနေထိုင်ကြတဲ့ မြို့ပြလူဦးရေကို ပြောင်းပြန်စီးနင်းအောင် ဒါကနေပြီးတော့ သူတို့ ပြန်လည် လုပ်ဆောင်ပါတယ်။ ဘယ်လိုလုပ်ဆောင်သလဲဆိုရင် မြို့ပြမှာနေကြတဲ့ အလုပ်အကိုင် ဆုံးရှုံးလို့ ပြန်လာ ကြသူတွေ သန်းဂဏန်းရှိတဲ့ လူဦးရေကို ဒီ ONE VILLAGE ONE PRODUCT စီမံကိန်းနှင့် သူတို့ ပြန်လည်ထူထောင်နိုင်ခဲ့ပါတယ်။ မြို့ပြစီးပွားရေးတွေ ရပ်ဆိုင်းသွားတဲ့အခါမှာ ကျေးလက်ဒေသများက သဘာဝရဲ့အရင်းအမြစ်၊ နောက်ပြီးတော့ ထိုင်းလူဦးရေ ယဉ်ကျေးမှုမှာ နက်ရှိုင်းစွာ အမြစ်တွယ်နေတဲ့ Social Capital စီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေကြောင့် ဆက်လက်ရှင်သန်နိုင်ခဲ့ပါတယ်။ နေရပ်ပြန်လာသူ တွေက မိသားစုရဲ့နေ့စဉ်လုပ်ငန်းတွေမှာ ပြန်လည်လာနေပြီးတော့ ဝင်ရောက်ပြီးတော့ အလုပ်လုပ်ကိုင် ကြပါတယ်။ ဥပမာ ကျွန်မတို့နိုင်ငံမှာဆိုလို့ရှိရင် တော်တော်များများ လူငယ်တွေဟာ အိမ်နီးနားချင်း နိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံတို့၊ မလေးရှားနိုင်ငံတို့ကို သွားကြပါတယ်။ ဒါဟာ ကျွန်မတို့ နိုင်ငံရဲ့လူဦးရေမှာမှ Brain drain ပါ။ ဒါကို ပြန်လည်ရရှိဖို့ဆိုလို့ရှိရင် မိမိနိုင်ငံမှာ အခုလက်ရှိမှာ နေထိုင်နေကြတဲ့ (၇၀)ရာခိုင်နှုန်းသော ကျေးလက်နေ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ အဖြေဆိုလို့ရှိရင် ဒါ ONE VILLAGE ONE PRODUCT ဒီ အဆိုပဲ ဖြစ်ပါတယ်။ ဒီ ထိုင်းအစိုးရကနေပြီးတော့ ဒါတွေကို သူတို့ကောင်းကောင်း သဘောပေါက်ပါတယ်။ ဒါကြောင့်မို့လို့ ကျေးလက်ဒေသကို မြို့ကြီးများမှာ စီးပွားရေးတစ်စုံတရာ ပြဿနာကြောင့် ပြန်လာကြသူတွေအတွက်ဆိုပြီးတော့ ရေရှည်အတွက် ဒီစီမံကိန်းကို သူတို့နိုင်ငံမှာ ကျလို့ ရှိရင်တော့ OTOP ဆိုပြီးတော့ရှိရင် One Tambon One Product ဒီ ဂျပန်နိုင်ငံရဲ့ နည်းပညာကိုပဲ သူတို့မွေးစား ပြီးတော့ ONE VILLAGE ONE PRODUCT ကို ထိုင်းနိုင်ငံက မွေးစားခဲ့တာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီလောက် လွယ်ကူရိုးရှင်းတဲ့ အစီအစဉ်ကို အမှန်တကယ် လက်တွေ့ကျင့်သုံးမယ် ဆိုလို့ရှိရင် အာဆီယံနိုင်ငံတွေဟာ အလျင်အမြန်တိုးတက်လာနေသလိုပဲ ကျွန်မတို့ရဲ့ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပြီးလို့ရှိရင် မိမိနိုင်ငံမှာ နေထိုင်ကြတဲ့ နိုင်ငံသူ၊ နိုင်ငံသားကို ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက နိုင်ငံရဲ့ အလုပ်လုပ်နိုင်တဲ့ အလုပ်လုပ်တဲ့အခါမှာ အခက်အခဲ၊ အရင်းအနှီး၊ နည်းပညာ ဒါကို အစိုးရက ကြားဝင်ပြီးတော့ ကူညီရန် လိုအပ်ပါတယ်။ လိုအပ်တဲ့ အကူအညီနှင့် အရင်းအနှီးများကို ပံ့ပိုးဆောင်ရွက်ပေးပါက မိသားစု တစ်စုချင်း ဝင်ငွေ၊ ရွာ တစ်ရွာချင်း ဝင်ငွေ၊ မြို့တစ်မြို့ချင်း ဝင်ငွေမှတစ်ဆင့် တစ်နိုင်ငံလုံး ဝင်ငွေ မြင့်မားလာမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ယခု ကျွန်မတို့ မြန်မာနိုင်ငံရဲ့ လက်ရှိ စီးပွားရေးကဏ္ဍမှာ ရင်ဆိုင်နေရတဲ့ဟာက လိုငွေဘတ်ဂျက်နှင့် ရပ်တည်နေရတာ ဖြစ်ပါတယ်။ ဒီလိုငွေဘတ်ဂျက်ကို ကျွန်မတို့ စီးပွားရေးအင်မတန် ခိုင်မာတဲ့ ရန်ကုန်လိုမြို့ကြီးတစ်မြို့က ဖြည့်စွက်ပေးမယ့်အစား မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ ကျေးလက်နေပြည်သူများရဲ့ အလုပ်အကိုင် ဖန်တီးပေးခြင်းက အမှန်တကယ်သာနေ ပြီးတော့ အဖြေရှာခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျေးရွာတစ်ရွာ၊ ထုတ်ကုန်တစ်ခု စီမံကိန်း လှုပ်ရှားမှုကို အကောင်အထည် ဖော်ရာမှာ လူ့စွမ်းအား အရင်းအမြစ်များ၊ ဒေသထွက် သယံဇာတများ၊ ကုန်ကြမ်းပစ္စည်းများ၊ ကုန်စည် များ၊ နည်းပညာများ၊ ဒေသယဉ်ကျေးမှုများ အပါအဝင် ဒေသအရင်းအမြစ်ကို ထိရောက်စွာ အသုံးချ ခြင်းဖြင့် ဒါဟာ အဓိကလိုအပ်ချက် တစ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသမှသည် ကမ္ဘာသို့ ဖန်တီး မှု၊ ယုံကြည်အားကိုးမှုနှင့် လူ့စွမ်းအား အရင်းအမြစ်တို့ တိုးတက်မှုအတွက် ကျေးရွာတစ်ရွာ၊ ထုတ်ကုန် တစ်ခု ONE VILLAGE ONE PRODUCT ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမဟာဗျူဟာ RURAL DEVELOPMENT STRATEGY အား ဆင်းရဲနွမ်းပါးတဲ့ ရခိုင်ပြည်နယ် အပါအဝင် တစ်ခြားသော ပြည်နယ်နှင့်တိုင်းများ ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ်ထည့်သွင်း ရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ အဆိုအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်မှာ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားရတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာ RURAL DEVELOPMENT STRATEGY အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့်တိုင်းများ ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကွန်တော် စိုင်းဝမ်းလှိုင်းခမ်းမှ ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်ထုမေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT (OVOP) ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့်တိုင်းများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

ဒါကြောင့် ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါ်ထုမေ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]